# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၁.၃၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့ (ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ အဋ္ဌမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ပြည်ပခရီး။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးစိုးဝင်း၊ ဧရာဝတီ(၂) ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ မိသားစုအလှူ။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီညီထွန်း၊ မွန်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့၊ ကရင်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်း(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး၊ ဦးမနားနိုင်း၊ ချင်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ညီကျန်းမာရေး၊ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုးဝင်း၊ မွန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ဇနီးကျန်းမာရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကော်ရိုင်း၊ ကယား(၉)၊ မိသားစုကျန်းမာရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမန်းကံညွှန့်၊ ကရင်(၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးစောအေးမြိုင်၊ ကရင်(၈)၊

ကိုယ်ရေးကိုယ်တာ။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကျန်းမာရေး။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကိုယ်ရေးကိုယ်တာ။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်ရေးကိုယ်တာ။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦး၊ ယနေ့ ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၃၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**လက်ပံတန်းမြို့နယ်၊ ထိန်သာယာကျေးရွာ ကိုယ့်အားကိုယ်ကိုး တွဲဖက်အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း က လက်ပံတန်းမြို့နယ်၊ ထိန်သာယာကျေးရွာ ကိုယ့်အားကိုယ်ကိုး တွဲဖက် အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ ဒီမေးခွန်းကို ဒေသခံလူထုကိုယ်စား မေးမြန်းခွင့်ရတဲ့အတွက် ဥက္ကဋ္ဌကြီးအား ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့၊ တော်လသာအုပ်စု၊ ထိန်သာယာကျေးရွာကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဖြစ်တဲ့ တွဲဖက်အ.မ.က ထိန်သာယာကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ ဖွင့်ခဲ့တာဖြစ်ပါတယ်။ ကျောင်းသား(၆၅)ဦးရှိပြီးတော့ ပတ်ဝန်းကျင်ကျေးရွာတွေကလည်း အားကိုးအားထားပြုနေကြတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အ.မ.က(တွဲ)အဆင့်ကနေ အ.မ.က(ခွဲ)ထိန်သာယာအဖြစ်နဲ့ တိုးမြှင့်ဖွင့်လှစ် ခွင့်ပြုဖို့အစီအစဉ် ရှိ/မရှိ ဒေသခံလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြောက်ဦးမြို့နယ်၊ နတ်ချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာမူလတန်း(လွန်)ကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် က မြောက်ဦးမြို့နယ်၊ နတ်ချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာမူလတန်း(လွန်)ကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မြောက်ဦးမြို့နယ်မှာရှိတဲ့ နတ်ချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို အခြေခံပညာမူလတန်း(လွန်)ကျောင်းအဖြစ် တိုးမြှင့်ပေးရေး အစီအစဉ်နဲ့ ပတ်သက်လို့ မေးမြန်းမှာ ဖြစ်ပါတယ်။

နတ်ချောင်းကျေးရွာဟာ မြောက်ဦးမြို့နယ်ရဲ့ အနောက်တောင်ဘက်အဆုံးမှာ ရှိနေပါတယ်။ ရွာဟောင်း၊ ရွာသစ်ဆိုပြီးတော့ အိမ်ခြေ(၂၈၀)ခန့် ရှိပါတယ်။ နတ်ချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို ၁၉၇၄ ခုနှစ်မှာ ပညာရေးဌာန က စတင်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာတော့ ကျောင်းသားအင်အားက (၂၁၄)ဦး ရှိပါတယ်လို့ သိရပါတယ်။ ဒီနတ်ချောင်း အခြေခံပညာမူလတန်းကျောင်းက စတုတ္ထတန်းအောင်သွားလို့ရှိရင် မူလွန်အဆင့်ကို ဆက်လက် ပြီးတော့ သင်ကြားမယ်ဆိုရင် (၁၂)မိုင်ဝေးတဲ့ ပျားတဲ အ.လ.က၊ ဒါမှမဟုတ်ရင် (၁၁)မိုင်ဝေးတဲ့ မူလွန် ပြောင်းပေါ် အ.မ.က၊ ဒီကျောင်းမှာ မဟုတ်ဘူးဆိုရင် (၁၀)မိုင်ဝေးတဲ့ မူလွန်စက်သား အ.မ.က ကို သွားပြီးတော့ သင်ရမှာ ဖြစ်ပါတယ်။ နေထိုင်စားသောက်စရိတ် ပိုပြီးတော့ ကုန်ကျမှာ ဖြစ်ပါတယ်။ အခက်အခဲ ရှိကြပါတယ်။ တကယ်လို့များ ဒီနတ်ချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို (မူလွန်)အဆင့်သာ တိုးမြှင့်ဖွင့်လှစ်ပေးလိုက်ရင် နတ်ချောင်းကျေးရွာမှာရှိတဲ့ ကျောင်းသား/ကျောင်းသူများ သာမကဘူး ရွာနီးစပ်ဖြစ်တဲ့ ဂျင်ချေကျေးရွာ၊ ညောင်ပင်လယ်ကျေးရွာတို့က ကျောင်းသား/ ကျောင်းသူတွေလည်း နေ့ချင်းပြန် လာတက်လို့ ရပါတယ်။ ဒီရွာတွေအတွက်လည်း အကျိုးရှိသွားမှာ ဖြစ်ပါတယ်။

မြောက်ဦးမြို့ရဲ့ အနောက်တောင်ဘက်မှာရှိတဲ့ ကျေးရွာများဟာ ချောင်းဝ၊ မြစ်ဝပေါ်မှာရှိ နေကြတာမို့လို့ စီးပွားရေးဖွံ့ဖြိုးမှုမရှိပါဘူး။ ပညာရေးဖွံ့ဖြိုးမှုလည်း အင်မတန်မှ နည်းပါးပါတယ်။ ဒါကြောင့် ဒီဒေသရဲ့ပညာရေးဖွံ့ဖြိုးမှုကို ရရှိစေဖို့အတွက် နတ်ချောင်းအခြေခံပညာ မူလတန်း အဆင့်ကို မူလွန်အဆင့်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၃။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားရ ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြု ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း ရဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့၊ တော်လသဿအုပ်စု၊ ထိန်သာယာ ကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း အ.မ.က(တွဲ) ထိန်သာယာအား အခြေခံပညာ မူလတန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင် က ရှင်းလင်းဆွေးနွေး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျောင်းအဆင့် တိုးမြှင့်တာနဲ့စပ်လျဉ်းပြီး ပထမဦးဆုံး အနည်းငယ် ရှင်းလင်း တင်ပြခွင့်ပြုပါခင်ဗျား။ ကျောင်းအဆင့် တိုးမြှင့်ပေးဖို့အတွက် သက်ဆိုင်ရာ ကျောင်းများမှ မြို့နယ်သို့ တင်ပြပြီးတဲ့နောက် ခရိုင်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နဲ့ ဦးစီးဌာနများသို့ တရားဝင် လုပ်ထုံးလုပ်နည်းများနဲ့အညီ အဆင့်ဆင့် တင်ပြရပါတယ်။

ဒီလိုအဆင့်ဆင့် တင်ပြထားတယ်ဆိုရင် ကျောင်းသားဦးရေပေါ်မှာ မူတည်ပြီး သက်ဆိုင်ရာ ကျောင်း(ခွဲ)အဆင့်ကို ဦးစွာ တိုးမြှင့်ပေးရပါတယ်။ အဲဒီနောက် ခန့်ထားပေးနိုင်တဲ့ ဝန်ထမ်းအင်အားနဲ့ ကျောင်းသားအင်အားပေါ် မူတည်ပြီး သက်ဆိုင်ရာ ကျောင်းအဆင့်ကို ထပ်မံတိုးမြှင့်ပေးရတာ ဖြစ်ပါတယ်။ အ.မ.က၊ အ.လ.က၊ အ.ထ.က အဆင့်များကို တိုးမြှင့်ပေးရတဲ့အခါမှာ လိုအပ်တဲ့ ကျောင်းဆောင် သစ်တွေ ဆောက်ပေးရသလို သင်ကြားရေးအတွက် ဆရာ/ဆရာမများကိုလည်း တစ်ပါတည်း ဖြည့်ဆည်း ပေးရပါတယ်။ ဆရာ/ဆရာမဆိုတာ တိုးမြှင့်ဖြည့်ဆည်းပေးဖို့ လျာထား ဆောင်ရွက်ပေးနိုင်ပေမယ့် ကျောင်းဆောင်သစ်ဆောက်လုပ်ဖို့ လိုအပ်မယ်ဆိုရင် အဲဒီကျောင်း ဆောက်ဖို့အတွက် မြေနေရာ အဓိက လိုအပ်မှာ ဖြစ်ပါတယ်။ မြေနေရာ မရှိဘူးဆိုရင် ဖွဲ့စည်းပုံနဲ့ ခွင့်ပြုထားတဲ့ ကျောင်းအဖြစ် တိုးမြှင့် ပေးဖို့အတွက် အခက်အခဲ ရှိမှာဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ကျောင်းများကို ဦးစားပေးအစီအစဉ် လျာထားပြီး အဆင့်တိုးမြှင့်ပေးရတဲ့အတွက် အောက်ခြေကနေ အဆင့်ဆင့်တင်ပြလာတဲ့ အချက်အလက် တွေကို စုစည်းပြီး စိစစ်ပေးရတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအဆင့်ဆင့် တင်ပြတဲ့အခါမှာ အချက်အလက်တွေ ပြည့်စုံပြီး သက်ဆိုင်ရာ အဆင့်ဆင့်ကနေ တင်ပြတဲ့ ဦးစားပေး လျာထားချက် အဆင့် တူညီနေမယ်ဆိုရင် ကျောင်းအဆင့် တိုးမြှင့်တာကို အလွယ်တကူ ချောချော မွေ့မွေ့လုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒီလို ပြည့်ပြည့်စုံစုံနဲ့ ဦးစားပေးအဆင့်တူညီဖို့အတွက် ကိုယ်စားလှယ်တော်ကြီးများကို အကြံပြုလိုတာကတော့ ကိုယ်စားလှယ်တော်ကြီးများအပါအဝင် ရပ်မိရပ်ဖတွေ၊ သက်ဆိုင်ရာ ကျောင်းနဲ့ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် တာဝန်ရှိသူတွေအားလုံး ပေါင်းစပ်ပြီး ညှိနှိုင်းဆောင်ရွက်ပေးဖို့လိုမှာ ဖြစ်ပါတယ်။

ယခင် အတွေ့အကြုံများအရ သက်ဆိုင်ရာ မြို့နယ်တွေက ရပ်မိရပ်ဖ ကျေးရွာလူထုများက ကျောင်းအဆင့် တိုးမြှင့်ပေးဖို့အတွက် တောင်းခံလာကြတဲ့အခါမှာ ကျောင်းသားဦးရေနဲ့ ဆရာအင်အား ကိုသာ စိစစ်ပြီး အမှန်တကယ် တိုးမြှင့်ပေးလိုက်တဲ့အခါ ကျောင်းဆောင် ဆောက်လုပ်ဖို့ မြေနေရာ မရှိတဲ့အတွက်ကြောင့် အဆင့်တိုးမြှင့်ပေးရခြင်းကို ပြန်အပ်တာတွေလည်း ရှိခဲ့ဖူးပါတယ်။ ဒါဆိုရင်

ဒီကျောင်းက မလိုချင်ရင် အခြားကျောင်းကို ပြောင်းပေးလို့ မရဘူးလားလို့ မေးခွန်းထုတ်စရာ ရှိပါတယ်။ ကျောင်းအဆင့် တိုးမြှင့်ပေးဖို့ ပညာရေးဌာနတစ်ခုတည်းနဲ့ ဆောင်ရွက်ရတာ မဟုတ်တဲ့ အတွက် အဲဒီလို ချက်ချင်းပြောင်း ဆောင်ရွက်ပေးလို့ မရပါဘူးခင်ဗျား။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာသင်နှစ် တစ်နှစ်မှာ အဆင့်တိုးမြှင့်လိုတဲ့ ကျောင်း အရေအတွက်များကို ကျောင်းစာရင်းများနဲ့တကွ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေး ဝန်ကြီးဌာနရဲ့ ရသုံးမှန်းခြေဦးစီးဌာန စတဲ့ သက်ဆိုင်ရာ ဌာနတွေကို လုပ်ထုံးလုပ်နည်းများနဲ့အညီ အဆင့်ဆင့်တင်ပြပြီး သဘောထားတောင်းခံရပါတယ်။ ၎င်းဌာနတွေက သဘောတူညီချက်ရမှသာ ကျောင်းအဆင့် တိုးမြှင့်ပေးရတာ ဖြစ်ပါတယ်။ ဒ့ါအပြင် အဆင့်တိုးမြှင့်မယ့်ကျောင်းတွေအတွက် ဒေသ အလိုက် သင်ကြားရေး ဆရာ/ဆရာမ ဖြည့်ဆည်းပေးဖို့ကိုလည်း တစ်ပါတည်း လျာထားရပါတယ်။ ဒါကြောင့်မို့လို့ ဒီရှင်းလင်းတင်ပြချက်ကို အကျဉ်းချုပ် တင်ပြရမယ်ဆိုရင် မြေနေရာ ပါဝင်ဖို့နဲ့ ဦးစားပေးအဆင့်တူညီဖို့ ဦးစွာပထမဆောင်ရွက်ပေးစေလိုကြောင်း ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါတယ်။

ယခု ကိုယ်စားလှယ်တော်ကြီး ဦးမြင့်ထွန်း တင်ပြထားတဲ့ ထိန်သာယာကျေးရွာ၊ ကိုယ့်အား ကိုယ်ကိုး မူလတန်းကျောင်းရဲ့လက်ရှိ ကျောင်းသားဦးရေဟာ (၆၅)ဦးရှိတဲ့အတွက် အခြေခံပညာ မူလတန်းကျောင်း(ခွဲ) ဖွင့်လှစ်ဖို့ရာဟာ သတ်မှတ်တားတဲ့ လိုအပ်တဲ့ ဦးရေပြည့်မီကြောင်း ပဏာမ ဦးစွာ စိစစ်တွေ့ရှိရပါတယ်။ မြို့နယ်ပညာရေးမှူးရုံးကလည်း တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးကို စာအမှတ်၊ ၁၇၅/အမက(ခွဲ)အဆင့်တိုး၂၀၁၃ နဲ့ ၉-၇-၂၀၁၃ ရက်နေ့မှာ တင်ပြထားပြီး တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှလည်း ၁၃-၇-၂၀၁၃ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၁၃၀၅/အဆင့်တိုး/ ၂၀၁၃ ဖြင့် ပေးပို့ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်း(ခွဲ)အဆင့် တိုးမြှင့်ပေးဖို့ သက်ဆိုင်ရာ မြို့နယ်တွေကလည်း တင်ပြထားပြီးဖြစ်တယ်။ ကနဦး စိစစ်ချက်အရ သတ်မှတ်ထားချက်များနဲ့ ကိုက်ညီကြောင်း တွေ့ရပါတယ်။ ဒါကြောင့် လာမယ့် ပညာသင်နှစ် ၂၀၁၄ ခုနှစ် အတွင်းမှာ ကျောင်းများအဆင့် တိုးမြှင့်ပေးဖို့အတွက် ဦးစားပေးအစီအစဉ်အနေနဲ့ လျာထားထည့်သွင်း စိစစ် ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော် ကြီးများခင်ဗျား။ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးကျော်ကျော် ရဲ့ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ နတ်ချောင်းကျေးရွာ အခြေခံ ပညာမူလတန်းအဆင့်ကျောင်းကို အခြေခံပညာမူလတန်း(လွန်)ကျောင်းအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ် ပေးပါရန် မေးခွန်းနဲ့ စပ်လျဉ်းပြီး ကျွန်တော်က ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနမှာ ကျောင်းများကို အဆင့် တိုးမြှင့်ပေးခြင်းကို ဆောင်ရွက်တဲ့အခါ ကျောင်းအဆင့် တိုးမြှင့်ဖို့အတွက် လုပ်ထုံးလုပ်နည်းများနဲ့ လိုအပ်တာများကို ဆောင်ရွက်ဖို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးမြင့်ထွန်း ရဲ့ မေးခွန်းကို ဖြေကြားတဲ့ရှေ့ပိုင်းမှာ ကျွန်တော်ဟာ ရှင်းလင်းတင်ပြခွင့် ရခဲ့ပြီးပါပြီ။ ယခု ၂၀၁၃-၂၀၁၄

ပညာသင်နှစ် ကျောင်းအဆင့် တိုးမြှင့်ပေးခြင်းများကို တစ်နိုင်ငံလုံးမှာ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်းက စီစဥ်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

ယခုပညာသင်နှစ်မှာ ရခိုင်ပြည်နယ်အတွင်း ဦးစားပေး အစီအစဥ်အရ အခြေခံပညာ ကျောင်းပေါင်း(၃၂၃)ကျောင်းအား အသီးသီး အဆင့်တိုးမြှင့်ပေးခဲ့ရာမှာ အဆိုပါ ကျောင်းများအနက်မှ မြောက်ဦးမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း (၁၈)ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခင်စာသင်နှစ် ၂၅-၁-၂၀၁၃ ရက်စွဲပါစာအမှတ်၊ စိတ်-၂၊ ၀၁၄၂/မူလွှန်(၁၃) အရ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ကျောင်းကို အဆင့်မြှင့်ဖို့ တင်ပြထားသော်လည်းပဲ အဲဒီအချိန်က ကျောင်းသားဦးရေဟာ (၁၂၆)ဦးသာရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ယခုအခါမှာတော့ စာသင်သား (၂၁၄)ဦးရှိတယ်လို့ ကိုယ်စားလှယ်တော်ကြီးလည်း တင်ပြထားသလို ကျွန်တော်တို့လည်း စိစစ်တွေ့ရှိ ရပါတယ်။ ပုံမှန်အားဖြင့်တော့ ကျောင်းသားဦးရေ(၂၅၀)နဲ့အထက်ကျမှ ကျွန်တော်တို့က အ.မ.က (လွှန်) ကျောင်းများအဖြစ် တိုးပေးသော်လည်းပဲ ဒေသဖွံ့ဖြိုးမှုအတွက်လည်း ထည့်သွင်းစဥ်းစားပေးခဲ့တာတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးက အခုအဆိုပြုချက်ကိုလည်း တောင်းခံ ထားဆဲဖြစ်ကြောင်း စိစစ်တင်ပြအပ်ပါတယ်။ ဒါကြောင့် မြောက်ဦးမြို့နယ်၊ နတ်ချောင်းကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာမူလတန်းကျောင်း(လွှန်)အဖြစ် တိုးမြှင့်ဖို့အတွက် လိုအပ်တဲ့ အချက်အလက် အထောက်အထားများကို မြို့နယ်ပညာရေးမှူးရုံးက တစ်ဆင့် ခရိုင်၊ ပြည်နယ်နှင့် ဦးစီးဌာန အဆင့်ဆင့်စိစစ်ပြီး ဦးစားပေးအစီအစဥ် လျာထားတင်ပြပေးဖို့ လိုအပ်မှာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။ အချက်အလက်တွေ ပြည့်စုံသွားတယ်ဆိုရင်တော့ ၂၀၁၄ ခုနှစ်အတွင်း ကျောင်းများ အဆင့်တိုးမြှင့်ပေးဖို့ ဦးစားပေးအစီအစဥ်နဲ့ လျာထားတဲ့အခါ ထည့်သွင်းစိစစ်ဆောင်ရွက် ပေးသွားမှာဖြစ်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကလေးမြို့နယ် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် လိုအပ်နေသော အထူးကုဆရာဝန်များ အစားထိုး ခန့်အပ်ပေးရန် အစီအစဥ် ရှိ/မရှိ နှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် က ကလေးမြို့နယ် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် လိုအပ်နေသော အထူးကုဆရာဝန် များ အစားထိုးခန့်အပ်ပေးရန် အစီအစဥ် ရှိ/မရှိ နဲ့ စပ်လျဥ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် တင်သွင်းမယ့် မေးခွန်းကတော့ ကလေးမြို့ ခုတင်(၂၀၀) ဆေးရုံမှာ အထူးကုဆရာဝန်များ လိုအပ်နေတဲ့ကိစ္စ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကလေးမြို့ ခုတင် (၂၀၀)ဆေးရုံဟာ ကလေးမြို့နယ်တွင်သာမကဘဲနဲ့ အထက်ချင်းတွင်း၊ ယောဒေသ၊ တောင်တွင်း ချောင်ဒေသ၊ တမူးမြို့နယ်နဲ့ ချင်းပြည်နယ်မြောက်ပိုင်းတို့ရဲ့ အားထားရာဆေးရုံကြီး ဖြစ်ပါတယ်။

လူနာလည်း လွန်စွာများပြားလှပါတယ်။ ကျွန်တော်တို့ ၂၆-၉-၂၀၁၃ ရက်နေ့ စစ်ကိုင်းဒေသကြီး ဝန်ကြီးချုပ်ခရီးစဉ်မှာ ဝန်ကြီးချုပ်က ကလေးမြို့ ခုတင်(၂၀၀)ဆေးရုံကို ခုတင်(၃၀၀)ဆေးရုံ တိုးမြှင့်ဖို့ လုပ်မှရတော့မယ်လို့တောင် မှတ်ချက်ပြုသွားပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ ဒီကလေးမြို့ ခုတင်(၂၀၀)ဆေးရုံမှာ ကျွန်တော်တို့ အထူးကုဆရာဝန်များ သင့်တင့်ပြည့်စုံဖို့ လိုအပ်နေပြီဆိုတာ ကျွန်တော် တင်ပြလိုပါတယ်။ အဲဒီတော့ ယခင်ကတော့ ကျွန်တော်တို့ ကလေးမြို့ ခုတင်(၂၀၀) ဆေးရုံမှာ အထူးကုဆရာဝန်ကြီးများ သင့်တင့်ပြည့်စုံတဲ့ အခြေအနေဖြစ်တဲ့အတွက် လူနာကုသရေးမှာ ကြီးကြီးမားမား ပြဿနာမရှိခဲ့ပါဘူး။

သို့သော်လည်းပဲ ကလေးမြို့ ခုတင်(၂၀၀)ဆေးရုံမှာ သမားတော်ကြီး(၂)ဦးရှိရာကနေပြီး ကာမှ တစ်ဦးက ပြောင်းရွှေ့သွားပြီး ပြန်လည်အစားထိုးခြင်း မရှိတော့တဲ့အတွက် ကုသရေးမှာ ကြီးမားတဲ့ပြဿနာ ရှိလာပါတယ်။ သမားတော်ကြီးတစ်ဦးတည်း ဖြစ်တဲ့အတွက် သူဟာ ဆေးရုံမှာပဲ ကျွန်တော်တို့ ဒါ များပြားတဲ့ လူနာများနဲ့ လုံးချာလိုက်နေပြီး ပြင်ပက ကျွန်တော်တို့ ပြင်ပဆေးရုံများမှာ သွားရောက်ကုသနိုင်ခြင်း မရှိတဲ့အခါမှာ ကျွန်တော်တို့ဒေသအတွက် တော်တော်လေး အခက်အခဲ ဖြစ်လာပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ အထူးကုဆရာဝန်ကြီး တစ်ဦးတည်းဖြစ်တဲ့အတွက် လူနာနဲ့ မမျှတတဲ့အခါမှာ ငွေကြေးတတ်နိုင်တဲ့ လူတွေကတော့ မန္တလေးတို့၊ ရန်ကုန်တို့ကိုဆင်းပြီး ကုသကြ ပါတယ်။ သို့သော်လည်းပဲ အဲဒီလို ငွေကြေးမတတ်နိုင်တဲ့လူနာများမှာတော့ ကျွန်တော်တို့ ဒါ အခက်အခဲ ဖြစ်ရပါတယ်။ ဆရာဝန်နဲ့ ပြလို့မရ၊ ကျွန်တော်တို့ တော်တော်လေး ဒါ ဒီကိစ္စနဲ့ပတ်သက်ပြီး မြို့ကလည်း တော်တော့်ကို လိုလိုလားလား ဖြစ်နေကြပါတယ်။

အဲဒီတော့ နောက်တစ်ခါ ကျွန်တော်တို့ မူလက ရှိခဲ့ပြီးဖြစ်တဲ့ မျက်စိအထူးကုဆရာဝန် ကလည်း ပြောင်းရွှေ့သွားပြီး ကျွန်တော်တို့ ပြန်လည်အစားထိုးပေးခြင်း မရှိတဲ့အတွက် မျက်စိ ဝေဒနာရှင်များအတွက်လည်း အခက်အခဲ ဖြစ်ရပါတယ်။ နောက် စောစောကပြောသလိုပဲ ငွေကြေး တတ်နိုင်သူကတော့ မန္တလေး၊ ရန်ကုန်စတဲ့ မြို့ကြီးများကို သွားရောက်ကုသနိုင်သော်လည်းပဲ ကျွန်တော်တို့ ဒါ ငွေကြေးမတတ်နိုင်တဲ့သူတွေအတွက်ကတော့ တကယ့်ကို အခက်အခဲနဲ့ ရင်ဆိုင်ရ ပါတယ်။ ဝေဒနာကို ဒီအတိုင်းပဲ ခါးစည်းခံရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကလေးမြို့မှာ သမားတော်တစ်ဦးတည်း ရှိတဲ့အတွက် လူနာနဲ့ကုသမှု မမျှတတော့ပါဘူး။ ကလေးမြို့က ဘာကြောင့် လူနာများရသလဲဆိုရင် ကျွန်တော်တို့ ကလေးမြို့ဆိုတာက ရန်ကုန်၊ မန္တလေးလို မဟုတ်ဘဲနဲ့ ကျေးလက်ယဉ်ကျေးမှု မပျောက်သေးတဲ့မြို့ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဥပမာအားဖြင့် တောင်ပေါ်ဒေသက တီးတိန်၊ တွန်းဇံ စတဲ့ မြို့နယ်များက လူနာများကလည်း ကလေးမြို့ကို လာတယ် ဆိုရင် ငွေကြေးကုန်ကျစရာ မရှိပါဘူး။ သူတို့ရဲ့ ဆွေမျိုးတွေရဲ့ အိမ်မှာတည်း၊ သူတို့ရဲ့ ဆွေမျိုးတွေရဲ့ အိမ်မှာ စားသောက်ပြီး အဲဒီကနေမှ ဆေးကုသတာဖြစ်တဲ့အတွက် အင်မတန်မှ ကုသစရိတ် သက်သာ ပါတယ်။ အခြားဒေသတွေလည်း ဒီလိုပါပဲ။ ကလေးမြို့မှာက ကျွန်တော်တို့ ယောဒေသဆိုလည်း ယောဒေသရဲ့ ဆွေတွေ မျိုးတွေ ရှိတယ်။ အထက်ချင်းတွင်းဆိုလည်း အထက်ချင်းတွင်းဒေသက ဆွေတွေ မျိုးတွေအိမ်မှာ နေထိုင်စားသောက်ပြီး ဆေးကုသတာ ဖြစ်တဲ့အတွက် အလွန်ကုန်ကျ သက်သာတဲ့ ဒေသဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီဒေသကို တော်တော်များများ ပတ်ဝန်းကျင်ဒေသတွေက လာရောက်ဆေးကုသကြခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့်

ပြည်သူလူထုရဲ့ကိုယ်စား မေးမြန်းချင်တာကတော့ ကလေးမြို့နယ် ခုတင်(၂၀၀)ဆေးရုံမှာ သမားတော်ကြီး နောက်ထပ် တစ်ဦးနဲ့ မျက်စိအထူးကုဆရာဝန်တို့ကို အမြန်ဆုံး အစားထိုးခန့်အပ်ပေးနိုင်ဖို့အတွက် အစီအစဉ် ရှိ/မရှိ နဲ့ အစီအစဉ် ရှိပါက မည်သည့်ကာလတွင် အစားထိုးပေးမည်ကို သိရှိလိုပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာသိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၈) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် ၏ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒေါက်တာသိန်းသိန်းဌေး၊ ဒုတိယဝန်ကြီးမှ ဖြေကြားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ ပြည်သူ့ဆေးရုံကြီးအား ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၏ ၂၃ မတ်လ ၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ကမဘ/ဃ-၀၀၂၆/၆၀ ဖြင့် ခုတင်(၂၀၀)ဆံ့ စံကိုက်ဖွဲ့စည်းပုံကို ပြင်ဆင်ခွင့်ပြုခဲ့ပါတယ်။ အဆိုပါ ဖွဲ့စည်းပုံမှာ အထူးကု ဆရာဝန်ကြီး ဆေးပညာ(၁)ဦးနဲ့ အထူးကုဆရာဝန် ဆေးပညာ(၁)ဦး ခွင့်ပြုထားပါတယ်။ အဆိုပါ ဆေးရုံတွင် ခန့်ထားသည့် လက်ထောက်ဆရာဝန်များအနက် ဆေးပညာကျွမ်းကျင်သော လက်ထောက် ဆရာဝန်ရာထူး(၁)ဦး ပါ ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြခဲ့သည့်အတိုင်း အဆိုပါ ဘာသာရပ်တွင် ကျွမ်းကျင်သူ(၃)ဦး စာရင်းပေါ်နေခြင်း ဖြစ်ပါတယ်။ အထူးကုဆရာဝန် ဆေးပညာ ဒေါက်တာကိုကိုလွင် အား ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၀၇ ခုနှစ်တွင် ခန့်ထားခဲ့ပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့သည့်အတိုင်း ဖွဲ့စည်းပုံများ တိုးမြှင့်မှုနှင့် ကျွန်မတို့၏ အထူးကုဆရာဝန်ကြီးများ မွေးထုတ်မှုအခြေအနေ အနည်းငယ် ကွာဟနေသေးတဲ့အတွက် လစ်လပ်မှု များ ရှိနေခြင်း ဖြစ်ပါတယ်။ သို့ရာတွင် ပြည်သူလူထု၏ လိုအပ်ချက်များကိုလည်း သိရှိနားလည်သည့် အားလျော်စွာ ကလေးမြို့ပြည်သူ့ဆေးရုံကြီးတွင် လစ်လပ်လျက်ရှိတဲ့ အထူးကုဆရာဝန် ဆေးပညာ ထပ်မံခန့်ထားရေးနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန အနီးဆုံးစီမံခန့်ခွဲမှုကော်မတီမှာ ဦးစားပေး အဖြစ် တင်ပြဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ လစ်လပ်လျက်ရှိတဲ့ အထူးကု ဆရာဝန်၊ ဆရာဝန်ကြီး မျက်စိ Senior Consultant တစ်ဦးကိုတော့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ အတွင်းမှာ ခန့်ထားပေးမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

# အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၂၈ ။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးဆွန်ဒုတ်ကျင့် (ဥပဒေကြမ်းကော်မတီဝင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွန်ဒုတ်ကျင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက် အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကျွန်တော် ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၃/၁၇၀
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၂၇-၈-၂၀၁၃ ရက်နေ့တွင် တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ စတင်ဆွေးနွေးရန် ပေးပို့လာပါသည်။ ယင်း ဥပဒေကြမ်းကို ၂၇-၉-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ဖိတ်ခေါ်၍ အစည်းအဝေးပြုလုပ်ခဲ့ပြီး လိုအပ်ချက်များကို မေးမြန်း ဆွေးနွေးခဲ့ပါသည်။ ဤဥပဒေကြမ်းတွင် အပိုဒ်(၆)ခု ပါရှိပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ဤဥပဒေကြမ်း အပိုဒ် ၁ သည် မူလဥပဒေကြမ်းအမည်ကို ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

(ခ) ဤဥပဒေကြမ်း အပိုဒ်၂၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဌ)၌ ပါရှိသော ဆေးမြီးတို ဆိုသည့် စကားရပ်ကို အလွယ်တကူ ဖော်စပ်သုံးစွဲနိုင်သော အရပ်သုံးဆေးဝါးဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပြီး၊ ပုဒ်မခွဲ(ဍ) ကို ပယ်ဖျက်၍ ပုဒ်မခွဲ(ဎ)၊ (ဏ)၊ (တ) နှင့် (ထ) တို့ကို ပုဒ်မခွဲ(ဍ)၊ (ဎ)၊ (ဏ) နှင့်(တ) တို့အဖြစ် ပြောင်းလဲသတ်မှတ် ရမည် ဟု ပြင်ဆင်ထားပါသဖြင့် အတည်ပြုသင့်ပါသည်။

(ဂ) ဤဥပဒေကြမ်း အပိုဒ် ၃၊ ပုဒ်မ ၃၁၊ အပိုဒ် ၄၊ ပုဒ်မ ၃၂၊ အပိုဒ် ၅၊ ပုဒ်မ ၃၃ တို့၌ ဖော်ပြထားချက်များသည် မူလဥပဒေတွင် ပါရှိသည့် ငွေဒဏ်များကို ခေတ်နှင့်လျော်ညီအောင် အစားထိုးပြင်ဆင်ထားခြင်းဖြစ်ပြီး ဤဥပဒေကြမ်း အပိုဒ် ၆၊ ပုဒ်မ ၄၃၊ ပုဒ်မခွဲ(က)၌ ပါရှိသော လုပ်ထုံးလုပ်နည်းများ ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပြီး ပုဒ်မခွဲ(ခ)၌ ညွှန်ကြားချက် ဆိုသည့် စကားရပ်၏နောက်တွင် နှင့် လုပ်ထုံးလုပ်နည်းများ ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည် ဟူသော ဖော်ပြချက်သည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်စေရန် ရေးသားထားခြင်းဖြစ်၍ အတည်ပြုသင့်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ဖြည့်စွက်ရန်မရှိပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါတယ်။

## ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုထားတဲ့အတွက်လည်းကောင်း အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က)အရ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးဖို့ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဒေါက်တာသိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်မအနေနဲ့ ပြည်ထောင်စုအစိုးရကိုယ်စား ကျန်းမာရေးဝန်ကြီးဌာန ကနေပြီးတော့ ကျင့်သုံးဆောင်ရွက်နေသော တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား စဉ်းစားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးထံ အဆို တင်သွင်းခဲ့တာဖြစ်ပါတယ်။ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များဟာ ၁၉၉၆ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့တာဖြစ်ပြီး လက်ရှိအချိန်အခါများနှင့် ခေတ်ကာလများနှင့် လိုက်လျောညီထွေမှု မရှိတော့သည့်အတွက် ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရန် တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဒေါက်တာဌေးနိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီးက တင်သွင်းတဲ့ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုပေးပါရန် အဆိုကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ကျွန်တော် ဒေါက်တာဌေးနိုင် က ထောက်ခံအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ ၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ ၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ယခု အဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးကျော်ကျော် (ဥပဒကြမ်းကော်မတီဝင်)**။ ။ ကျွန်တော်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက် အရ ကျွန်တော်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အဆိပ်များအက်ဥပဒေ ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၃
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၂၇-၈-၂၀၁၃ ရက်နေ့တွင် အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို ၂၇-၉-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအား ဖိတ်ခေါ်၍ အစည်းအဝေးပြုလုပ်ခဲ့ပြီး လိုအပ်ချက် များကို ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ ဤဥပဒေကြမ်းတွင် အပိုဒ်(၃)ခု ပါရှိပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည် -

(က) ဤဥပဒေကြမ်း အပိုဒ် ၁ သည် မူလဥပဒေကြမ်း အမည်ကို ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

(ခ) ဤဥပဒေကြမ်းတွင် အပိုဒ် ၂၊ ပုဒ်မ ၄၊ ပုဒ်မခွဲ ၂ နှင့် အပိုဒ် ၃၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)တို့၌ ဖော်ပြထားချက်များသည် မူလဥပဒေတွင် ပါရှိသည့် ငွေဒဏ်များကို ခေတ်နှင့် လျော်ညီအောင် အစားထိုးပြင်ဆင်ထားခြင်းဖြစ်၍ အတည်ပြုသင့်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ဖြည့်စွက်ရန်မရှိပါ၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုထားတဲ့အတွက် လည်းကောင်း အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က)အရ အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးဖို့ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနဲ့ ဧည့်သည်တော်ကြီးများရှင့်။ ကျွန်မအနေနဲ့ ပြည်ထောင်စုအစိုးရကိုယ်စား ကျန်းမာရေးဝန်ကြီးဌာနမှ ကျင့်သုံးဆောင်ရွက်နေသော အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား စဥ်းစားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးထံတွင် အဆိုတင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအနေဖြင့် ၁၉၁၉ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့တာဖြစ်ပြီး လက်ရှိအချိန်အခါများနှင့် ခေတ်ကာလများနှင့် လိုက်လျောညီထွေမှု မရှိတော့သည့်အတွက် ခေတ်ကာလနှင့် လိုက်လျောညီထွေမှု ရှိစေရန် အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၃၉ ။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယ ဝန်ကြီးက အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းကို ကျွန်မ

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီမြင့် မှ ထောက်ခံ အပ်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပ်များအကျိုးသက်ရောက်မှုဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အတည် ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေ ကြမ်း၏ အပိုဒ် ၁ မှ ၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ ၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏သစ်တောဂေဟစနစ်မျိုးစုံ (Forest Ecosystem) နှင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) ကြွယ်ဝသည့် မြန်မာနိုင်ငံ၏ အမြဲတမ်း သစ်တောနယ်မြေများ (Permanent Forest Estate - PFE)ထာဝစဉ်ဖွံ့ဖြိုး ရှင်သန်နေစေရေး မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပမာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က သစ်တောဂေဟစနစ်မျိုးစုံ (Forest Ecosystem)နှင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) ကြွယ်ဝသည့် မြန်မာနိုင်ငံ၏ အမြဲတမ်း သစ်တောနယ်မြေများ (Permanent Forest Estate - PFE) ထာဝစဉ်ဖွံ့ဖြိုး ရှင်သန်နေစေရေး မြန်မာ့ သစ်တောမူဝါဒကို လက်တွေ့ပမာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးမျိုးမြင့် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ကြွရောက်လာသော ဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကျန်းမာရွှင်လန်း ကြပါ စေကြောင်း ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သစ်တော ဂေဟစနစ်မျိုးစုံ (Forest Ecosystem)နဲ့ ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) ကြွယ်ဝတဲ့ မြန်မာနိုင်ငံ၏ အမြဲတမ်း သစ်တောနယ်မြေများ (Permanent Forest Estate - PFE) ထာဝစဉ်ဖွံ့ဖြိုးရှင်သန်နေ စေရေး မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပမာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းတဲ့ အဆိုကို တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုနဲ့ စပ်လျဉ်း၍ အချိန်ကို လေးစားသောအားဖြင့် ဖတ်ကြားခွင့်ပြုပါရန်နဲ့ အင်္ဂလိပ်ဝေါဟာရ အသုံးအနှုန်းအချို့ကိုလည်း သုံးစွဲခွင့်ပြုပါရန် တစ်ဆက်တည်း ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ၂၉-၂-၂၀၁၂ ရက်နေ့ ကျင်းပခဲ့တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမမြောက်နေ့ အစည်းအဝေးမှာ ဆည်ရေသွင်းစိုက်ပျိုးရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးနဲ့ မြေပေါ်/မြေအောက် ရေအရင်းအမြစ်များ ထိန်းသိမ်းနိုင်စွမ်းရှိတဲ့ သစ်တောဖုံးလွှမ်းဧရိယာများ ဆုံးရှုံးမှုမဖြစ်စေရန် စီမံဆောင်ရွက်ထားမှုနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းခဲ့ဖူးပါတယ်။ ပြန်ပြောင်းတင်ပြရပါလျှင် ကျွန်တော့်အနေနဲ့ အရင် အစိုးရလက်ထက်မှာ မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ တဲ့အပြင် မန္တလေးတိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတာဝန်များကို လုပ်ငန်းအထူး

အဖွဲ့(၆) (Task Force 6) ရဲ့ ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဆက်စပ်၍လည်း ပြည်နယ်နဲ့ တိုင်းဒေသကြီးများအတွင်းမှာရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်းများကို သွားရောက်ခဲ့ခြင်းနဲ့အတူ သစ်တောချစ်သူတစ်ဦးအနေနဲ့ အခြေအနေအရပ်ရပ် ဆက်စပ်မှုရှိတယ်လို့ ယူဆပြီးတော့ နိုင်ငံတော်နဲ့ ပြည်သူအကျိုးငှာ ဒီအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ လက်ရှိသစ်တောဖုံးလွှမ်းမှု အနေအထားအရ အာရှ-ပစိဖိတ်ဒေသအတွင်းမှာ သစ်တောဧရိယာ အများ/အနည်းအလိုက် (၅)နေရာကို ရယူထားတဲ့ နိုင်ငံဖြစ်တာ လေ့လာသိရှိရပါတယ်။ ပထဝီအနေအထားနှင့် ရာသီဥတု ကွဲပြားခြားနားမှုများကြောင့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သစ်တောဂေဟစနစ်မျိုးစုံ (Forest Ecosystem)နှင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) ပေါကြွယ်ဝတဲ့နိုင်ငံ ဖြစ်ပါတယ်။ မြန်မာ့သစ်တောများဟာ လူမှုရေး၊ စီးပွားရေး အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး (Sustainable Development)၊ သဘာဝပတ်ဝန်းကျင်ထာဝစဉ် တည်ငြိမ်ရှင်သန်ရေး၊ ရာသီဥတုမျှတရေး၊ သက်ရှိသတ္တဝါများ ရေရရှိရေး စသည်တို့အတွက် အဓိက အရေးကြီးတဲ့ အရင်းအမြစ်တစ်ခု ဖြစ်နေပါတယ်။

နိုင်ငံလူဦးရေ စုစုပေါင်းရဲ့ (၇၀)ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေပြည်သူများ ဖြစ်ကြပြီးတော့ ၎င်းတို့ရဲ့ အခြေခံလိုအပ်ချက်များဖြစ်တဲ့ ရိက္ခာအစားအစာ၊ သစ်၊ ထင်း၊ မီးသွေးနှင့် ကျွဲ၊ နွား တိရစ္ဆာန်အစားအစာ တို့အတွက် သဘာဝသစ်တောများအပေါ် တစ်လျှောက်လုံး မှီခိုအားထားလာခဲ့ကြရတာ သိရှိရပြီး ဖြစ်ပါမယ်။ ဒါ့အပြင် သစ်တောများမှ ရရှိနိုင်တဲ့ ပတ်ဝန်းကျင်ဆိုင်ရာ အထောက်အကူပြုပေးမှုများဟာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ် စုပ်ယူထိန်းသိမ်းထားခြင်း (Carbon Sequestration)၊ ရေအရည်အသွေးကောင်းမွန်စေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းနှင့် သဘာဝကမ္ဘာမြေ မပျက်စီး မယိုယွင်းစေဘဲ သဘာဝအတိုင်း လှပဖြစ်ပေါ်နေစေရေး စသည်တို့ပဲ ဖြစ်ပါတယ်။ ဤနည်းနှင့်နှင့်ဖြင့် မြန်မာနိုင်ငံသစ်တောများကို ၁၈၅၆ ခုနှစ်ကတည်းကပင် စနစ်တကျ၊ နည်းလမ်းတကျ စီမံအုပ်ချုပ် ထိန်းသိမ်းလာခဲ့တာဟာ ယနေ့အချိန်မှာဆိုရင် နှစ်ပေါင်း(၁၅၀)ခန့် ရှိပြီလို့ ဆိုနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍လည်း မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ ကို ဆွေးနွေးလိုပါတယ်။ အဆိုပါ မြန်မာ့ သစ်တောမူဝါဒကို ၁၉၉၅ ခုနှစ်၊ ဇူလိုင်လမှာ ထုတ်ပြန်ကြေငြာခဲ့ပြီးတော့ ပဓာနကျတဲ့ အချက်(၆)ချက်ကို ကျွန်တော် ဖော်ပြလိုပါတယ်။ (၁) ကာကွယ်ခြင်း (Protection)၊ ရေ၊ မြေ၊ တောရိုင်း တိရစ္ဆာန်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်း၊ (၂) သစ်တောသယံဇာတများကို ထာဝစဉ်တည်တံ့စေခြင်း (Sustainability of Forest Resources)၊ လက်ရှိနဲ့ အနာဂတ် လူသားမျိုးဆက်များအတွက် သစ်တောများမှရရှိမယ့် ဆက်လက် လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ အကျိုးကျေးဇူးများနှင့် လက်ဆုပ်လက်ကိုင်မပြနိုင်တဲ့ အကျိုးကျေးဇူးများကို ရာသက်ပန် ဖြည့်ဆည်းပံ့ပိုးပေးရန်အတွက် သစ်တောသယံဇာတများကို ထာဝစဉ်တည်တံ့စေခြင်း၊ (၃) အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း (Fulfillment of Basic Needs)၊ လောင်စာ၊ အဆောက်အဦ၊ အစားအစာနှင့် အပန်းဖြေ အနားယူမှုအတွက် ပြည်သူတို့ရဲ့ အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း၊ (၄) စွမ်းဆောင်ရည် တိုးတက်မြင့်မားစေခြင်း (Efficiency)၊ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ကို လိုက်ဖက်စေတဲ့ ပုံစံနဲ့ သစ်တောသယံဇာတများရဲ့ စီးပွားရေးအလားအလာကို အပြည့်အဝ ထိန်းချုပ်အသုံးချရန်အတွက် စွမ်းဆောင်ရည်တိုးတက် မြင့်မားစေခြင်း၊ (၅) ပြည်သူများ

ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း၊ (People's Participation)၊ သစ်တောများ ထိန်းသိမ်းရေးနဲ့ အသုံးချရေးတို့မှာ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း၊ (၆) ပြည်သူအတွင်း နိုးကြားထကြွတဲ့ အသိစိတ်ဓာတ် ရှင်သန်စေခြင်း၊ (Public Awareness)၊ နိုင်ငံကောင်းကျိုးနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုမှာ သစ်တောများရဲ့ အရေးပါသော အခန်းကဏ္ဍနှင့် ပတ်သက်ပြီး ပြည်သူအတွင်း နိုးကြားထကြွတဲ့အသိ ရှင်သန်စေခြင်း။

ဒါကြောင့် နိုင်ငံလူဦးရေ တိုးပွားနှုန်းနှင့် အခြားလိုအပ်ချက်များ အခြေခံပြီးတော့ နိုင်ငံဧရိယာရဲ့ (၃၀)ရာခိုင်နှုန်းကို (က) ကြိုးဝိုင်းတော (Protected Public Forest)နှင့် (ခ) သဘာဝထိန်းသိမ်းရေး နယ်မြေများ( Protected Areas System) ပေါင်းစပ်ပြီးတော့ အမြဲတမ်း သစ်တောနယ်မြေများ (Permanent Forest Estate-PFE) အဖြစ် ဖော်ဆောင်သွားရန် ဖြစ်ပါတယ်။ အဆိုပါမြန်မာ့သစ်တောမူဝါဒအရ ၂၀၁၂ ခုနှစ်၊ ဇွန်လကုန်အထိ မြန်မာနိုင်ငံရဲ့(၂၅)ရာခိုင်နှုန်းခန့်ကို ကြိုးဝိုင်းတောများနဲ့ ကြိုးပြင်ကာကွယ်တောများ၊ (၆)ရာခိုင်နှုန်းခန့်ကို သဘာဝထိန်းသိမ်းနယ်မြေများအဖြစ်အသီးသီး ဖွဲ့စည်းနိုင်ခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။ အမြဲတမ်းသစ်တောနယ်မြေများ ဖွဲ့စည်းသတ်မှတ်ထားမှုကိုလည်း ကျွန်တော် ဒါဇယား(၁) Slide-1 နဲ့ ကျွန်တော် ဖော်ပြလိုပါတယ်။ ဒီ Power Point မှာ ကြည့်လို့ရှိရင် ကြိုးဝိုင်းတောဟာ စုစုပေါင်း(၈၄၄)ခုရှိပြီးတော့ ဧရိယာစတုရန်းမိုင်(၄၇၀၀၀)ခန့်ဟာ ရာနှုန်းအားဖြင့် (၁၈)ရာခိုင်နှုန်း၊ (၂) ကြိုးပြင်ကာကွယ်တောများဟာ (၂၉၆)ခုရှိပြီးတော့ (၁၇၂၀၀)ခန့်ရှိပြီးတော့ စတုရန်းမိုင်ဟာ (၆.၆)ရာခိုင်နှုန်း၊ (၃) သဘာဝထိန်းသိမ်းရေးနယ်မြေဟာ (၃၆)ခုရှိပြီးတော့ (၁၄၆၀၀)ခန့်နဲ့ စတုရန်းမိုင်(၅.၆)ရာခိုင်နှုန်း၊ စုစုပေါင်း(၁၁၇၆)ခုမှာ (၇၈၈၁၄)နဲ့ (၃၀.၂)ရာခိုင်နှုန်းခန့် ရှိနေတာကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍လည်း နှစ်အလိုက် ကြိုးဝိုင်းတော၊ ကြိုးပြင် ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေးနယ်မြေနဲ့ ကြိုးပြင်အပတောဧရိယာများ (Unclassified Forest Area) အားလုံးပါဝင်တဲ့ စုစုပေါင်း မြန်မာနိုင်ငံသစ်တော ဖုံးလွှမ်းမှုအခြေအနေ (Total Forest Cover) ကိုလည်း ဇယား-၂ Slide-2 နဲ့ ကျွန်တော် ဖော်ပြလိုပါတယ်။ ဖော်ပြပါဇယားကို ကြည့်ရင်လည်း မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းဟာ နှစ်အလိုက် လျော့နည်းကျဆင်းလာတာကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။ ၁၉၂၅ ခုနှစ်က (၆၅.၈)ရာခိုင်နှုန်း ရှိခဲ့ရာကနေပြီးတော့ ၁၉၅၈ ခုနှစ်ရောက်တော့ (၅၇.၂)ရာခိုင်နှုန်းနဲ့ ၁၉၇၅ ခုနှစ်ရောက်တဲ့အချိန်မှာ (၅၂.၇)ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ်ရောက်တဲ့အချိန်မှာ (၅၂.၃)ရာခိုင်နှုန်းနဲ့ ၂၀၁၀ ပြည့်နှစ်ရောက်တဲ့အချိန်မှာ (၄၆.၉၆)ရာခိုင်နှုန်းရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၀ ပြည့်နှစ်မှာ သစ်တောဖုံးလွှမ်းမှုဟာ (၄၇)ရာခိုင်နှုန်းခန့် ဖြစ်နေလို့ လွန်ခဲ့တဲ့(၈၅)နှစ်အတွင်းမှာ မြန်မာနိုင်ငံရဲ့သစ်တောဖုံးလွှမ်းမှုဟာ (၁၉)ရာခိုင်နှုန်းခန့်လျော့နည်းဆုံးရှုံးသွားခဲ့ပြီ ဖြစ်ပါတယ်။ Forest Resource Assessment 2010 (FRA 2010) အရဆိုရင် ၁၉၉၀ ပြည့်နှစ်က ၂၀၁၀ ပြည့်နှစ်အတွင်းမှာ နိုင်ငံရဲ့ပျမ်းမျှ နှစ်စဉ်သစ်တောပြုန်းတီးမှုနှုန်းဟာ (Average Annual Deforestation Rate) (၀.၉၅)ရာခိုင်နှုန်းဖြစ်နေကြောင်း လေ့လာသိရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှု လျော့နည်းကျဆင်းလာတာကိုလည်း ကျွန်တော်တို့ ပုံ(က)ပါ Histogram

နဲ့ရော slide-3 နဲ့ပါ ဖော်ပြထားတဲ့အတိုင်း တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီမှာလည်း ကြည့်လို့ရှိရင် အခြေအနေကို ကျွန်တော်တို့ ပေါ်လွင်မှာဖြစ်ကြောင်းလည်း တွေ့ရှိရပါမယ်။

ဤကဲ့သို့ သစ်တောဖုံးလွှမ်းမှု လျော့နည်းကျဆင်းလာတာကို လေ့လာသုံးသပ်ရပါလျှင် ဇယား(၃)၊ slide-4 နဲ့ ဖော်ပြထားတာကို တွေ့ရှိရပါမယ်။ တစ်ခါ သစ်တောဖုံးလွှမ်းမှု လျော့နည်းရခြင်း အကြောင်းအရင်းတွေကို ကျွန်တော်တို့ ဒီ slide-4 မှာ ဖော်ပြထားတာဟာ (၁) ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်း၊ (၂) အလွန်အကျွံ သစ်ထုတ်ခြင်း၊ (၃) စိုက်ပျိုးမြေများ၊ လူနေအိမ်များ ကျူးကျော်တိုးချဲ့ လာခြင်း၊ (၄) ဆည်မြောင်း၊ ရေအားလျှပ်စစ် ရေလှောင်တမံများ တည်ဆောက်ခြင်း၊ (၅) လမ်းများ ဖောက်လုပ်ခြင်း၊ (၆) မြို့ရွာများ တိုးချဲ့ထူထောင်ခြင်းနဲ့ (၇) လူဦးရေ တိုးပွားလာမှုနှင့်အတူ သစ်၊ ထင်း များ လိုအပ်ချက်အတွက် သစ်တောများအပေါ်မှာ မှီခိုလာရခြင်းတွေ များပြားလာရခြင်း ဖြစ်ပါတယ်။

တစ်ခါ သစ်တောမြေများကို အခြားမြေများအဖြစ် ပြောင်းလဲအသုံးပြုခြင်းတို့ကြောင့် သစ်တောဖုံးလွှမ်းဧရိယာ လျော့နည်းလာရခြင်းကိုလည်းပဲ ဇယား(၄)၊ slide-5 နဲ့ ကျွန်တော် တင်ပြထား ပါတယ်။ အဲဒီမှာတော့ (၁) အထူးစီးပွားရေးဇုန်များ တည်ဆောက်ခြင်း၊ (၂) မော်တော်ကားလမ်းမကြီးများ ဖောက်လုပ်ခြင်း၊ (၃) ဓာတ်ငွေ့ပိုက်လိုင်းများ ဖြတ်သန်းတည်ဆောက်ခြင်း၊ (၄) ရေလှောင်တမံများ တည်ဆောက်ခြင်း၊ (၅) တပ်မြေအဖြစ် ပြောင်းလဲခြင်း၊ (၆) မြို့ ရွာများ တည်ဆောက်ခြင်း၊ (၇)ပုဂ္ဂလိက သစ်တောစိုက်ခင်းများ ထူထောင်ခြင်း၊ (၈) စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးခြင်း၊ (၉) ရွှေနှင့် သတ္တု အမျိုးမျိုး တူးဖော်ခြင်း၊ (၁၀) သာသနာ့မြေအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းတို့ကို အကြမ်းဖျင်းအားဖြင့် တွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် slide-4 နဲ့ slide-5 မှာ ဖော်ပြထားတဲ့အကြောင်းများ ဖြစ်ခဲ့လို့မို့လို့ ၂၀၁၂ ခုနှစ်၊ ဇွန်လကုန်အထိ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ဧရိယာဟာ(၁၀၇၉၄၄၀)ဧက ပယ်ဖျက်ပေးခဲ့ရ ပြီးတော့ ၎င်းအချိန်အထိ သစ်တောဧရိယာဟာ (၄၁၀၇၇၀၀၀)ကျော်ပဲဧကသာ တည်ရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများ အတွင်းမှာလည်းပဲ အခြားမြေ အသုံးချမှုများကို ဇယား(၅)၊ slide-6 နဲ့ ကျွန်တော် ဖော်ပြလိုပါတယ်။ ဒီမှာ ကြည့်လို့ရှိရင် ကျွန်တော်တို့ အခြားမြေ သုံးစွဲမှုမှာ ရွှေ၊ သတ္တု တူးဖော်တာ ဧရိယာ(၇၈၀၀)ကျော်၊ (၀.၀၂)ရာခိုင်နှုန်း ပုဂ္ဂလိက ကျွန်း၊ သစ်မာ (၂၈၁၂၀၀) (၀.၆၈)ရာခိုင်နှုန်း၊ နောက် နံပါတ်(၃) ရာဘာ/ကြံ နှင့် အခြားသီးနှံ တွေဟာ (၃၇၀၇၃၂)၊ (၀.၉)ရာခိုင်နှုန်း၊ ဆီအုန်းဟာဆိုရင် (၄၅၈၅၈၅)၊ (၁.၁၂)ရာခိုင်နှုန်းနဲ့ ဆည်ရေဝပ် ဧရိယာဟာ (၃၄၈၂၃၃)ဧကရှိပြီး (၀.၈၅)ရာခိုင်နှုန်း၊ ကျူးကျော်လယ်ယာနှင့် အခြားဟာ တော်တော်များတာဟာ ဒီမှာကြည့်လို့ရှိရင် သိပါတယ်။ (၁၆၈၁၆၆၇)ဧက ရှိတဲ့အတွက် စုစုပေါင်း ဆိုလို့ရှိရင် (၃၁၄၈၃၀၀) ဖြစ်ပေါ်ပြီးတော့ ရာခိုင်နှုန်းအားဖြင့်ဆိုရင် (၇.၆၆)ရာခိုင်နှုန်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့လူဦးရေနှစ်စဉ် တိုးတက်မှုနှုန်း မြင့်မားလာတာနဲ့အညီ မြို့ရွာများ တိုးချဲ့ထူထောင်လာခြင်း၊ စိုက်ပျိုးမြေများ တိုးချဲ့လာခြင်း၊ ငါး/ပုဇွန် မွေးမြူရေးကန်များ တိုးချဲ့လာခြင်း၊ စိုက်ပျိုးရေး/ ရေအားလျှပ်စစ် ဖွံ့ဖြိုးမှုအတွက် ရေလှောင်တမံများ တိုးချဲ့ တည်ဆောက်လာခြင်း၊ အထူးစီးပွားရေးဇုန်များ တည်ထောင်ခြင်း၊ မော်တော်ကားလမ်းများ ဖောက်လုပ်ခြင်း၊ စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးခြင်း၊ ရွှေနှင့်သတ္တုအမျိုးမျိုး တူးဖော်လုပ်ကိုင်ခြင်း၊

သစ်၊ ထင်း၊ မီးသွေးနှင့် အခြားသစ်တောထွက်ပစ္စည်းများ လိုအပ်ချက် ပိုမိုများပြားလာခြင်းတို့ကြောင့် သစ်တော ပြုန်းတီးခြင်း (Deforestation) နှင့် သစ်တောအရည်အသွေး ကျဆင်းခြင်း (Forest Degradation) များ ဖြစ်ပေါ်လာတာကို နေ့စဉ်နှင့်အမျှ မီဒီယာအသိုင်းအဝန်း၊ ပြည်သူများအကြား ထောက်ပြဝေဖန်မှု များအရ သိရှိနေကြရတယ်လို့ ဆွေးနွေးလိုပါတယ်။

အဆိုပါ သစ်တောများ ပြုန်းတီးမှု၊ သစ်တောအရည်အသွေး ကျဆင်းပျက်စီးနေမှုတို့ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အနေနဲ့လည်း တန်ဖိုးရှိ သစ်တော စိုက်ခင်းများ၊ ကြီးမြန်သစ်ပင်အမျိုးမျိုး စိုက်ခင်းများ၊ ကျေးရွာသုံး ထင်းစိုက်ခင်းများကို နှစ်စဉ် ထူထောင်စိုက်ပျိုးခြင်းတို့နဲ့ ကုစားဆောင်ရွက်နေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ သို့သော် လည်းပဲ အနုတ်နှင့်အပေါင်း လက္ခဏာတို့မှာ မျှတမှုမရှိဘဲ အနုတ်ဘက်ကိုသာ ဦးတည်ရွေ့လျား နေမယ့် ဆောင်ရွက်မှုများကို သစ်တောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ လိုက်နာ ကျင့်သုံးဆောင်ရွက်ခြင်းမပြုလျှင် နိုင်ငံတော်အတွက် အိတ်ပေါက်နှင့် ဖားကောက်ရတဲ့အဖြစ် ကြုံတွေ့ တဲ့သဘော ဆွေးနွေးတင်ပြလိုခြင်း ဖြစ်ပါတယ်။ တိုက်ရိုက်တာဝန်ရှိ ဝန်ကြီးဌာန လက်အောက်ရှိ သစ်တောဦးစီးဌာန အပေါ်မှာသာ တာဝန်ရှိမှုပုံချမှု ကျွန်တော်တို့ တင်ပြခြင်း မဟုတ်ပါဘူး။ ပုံချရရင်လည်း သဘာဝကျမည် မဟုတ်ပါဘူး။ စီးပွားရေးဝိသမလောဘ အဖွဲ့အစည်းများဟာ သစ်တော ဥပဒေများကို ဖောက်ဖျက်ကျူးလွန်နေကြတဲ့အပေါ်မှာ သစ်တောဦးစီးဌာနအနေနဲ့ နေရာ အတော်များများမှာ ဥပက္ခာပြုနေကြရတာ လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပြည်သူများကပါ အဆိုပါ မလိုလားအပ်မှုများ ရပ်တန်းက ရပ်ကြရေး ပူးပေါင်းပါဝင် လုပ်ဆောင်သွားကြရန် အထူးအရေးကြီးတာကို သုံးသပ်လိုပါတယ်။ ဆောင်ပုဒ် အမျိုးမျိုးဖြင့် ဖြန့်ချိဖော်ပြနေမှုများ၊ မိုးရာသီ လူထုလှုပ်ရှားမှုအသွင် ပုံဖော်မှုများ စသည့်တို့ဖြင့် ထပ်ဆင့်လိုက်ပါကြီးကြပ် အားနည်းတဲ့ တစ်နည်းအားဖြင့် လက်တွေ့ဖြစ်နိုင်စွမ်း နည်းပါးတဲ့ ပြယုဂ် များကို ပကတိအတိုင်း မြင်တွေ့ပြီးတော့ ပြုပြင်လုပ်ဆောင်ရန် လိုအပ်ချိန်တန်ပြီလို့ သုံးသပ်တင်ပြလို ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ သဘာဝအလျောက် ကျွန်းပင် ပေါက်ရောက်တဲ့ နိုင်ငံများဖြစ်ကြတဲ့ အိန္ဒိယ၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့အနက်မှာ မြန်မာနိုင်ငံဟာ သဘာဝကျွန်းတောဧရိယာ အများဆုံးနိုင်ငံဖြစ်တာ လေ့လာသိရှိရပါတယ်။ ကျွန်းသစ် များကို ၁၇၅၂ ခုနှစ်၊ အလောင်းမင်းတရားကြီး ခေတ်ကတည်းက တော်ဝင်ကျွန်းအဖြစ် သတ်မှတ်ပြီး တော့ စည်းကမ်းတကျ ထုတ်လုပ်သုံးစွဲခွင့်ပြုခဲ့တာ ရာဇဝင်ကြောင်းအရ လေ့လာသိရှိရပါတယ်။ ကျွန်းပင်များကို နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်ပြီး သစ်တောဥပဒေများ ပြဋ္ဌာန်းပြီးတော့ အစိုးရကသာ ကာကွယ်ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ ထုတ်လုပ်ရောင်းချခြင်းတို့ကို ဆောင်ရွက်လာခဲ့တာ ဖြစ်ပါတယ်။

သို့သော်လည်းပဲ ယနေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးများအတွင်းမှာ ပုဂ္ဂလိကအခန်းကဏ္ဍမှာပါ ပူးပေါင်းပါဝင်ပြီးတော့ စိုက်ပျိုး တည်ထောင်ထုတ်လုပ် ရောင်းချနိုင်ရန် သစ်တောပြုန်းတီးသွားတဲ့ နေရာဒေသများ၊ သစ်တော

အရည်အသွေး ကျဆင်းသွားတဲ့ တောပျက်နေရာများမှာ ကျွန်းစိုက်ခင်းများ၊ သစ်မာစိုက်ခင်းများကို ပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းများ၊ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများကို ၂၀၀၆-၂၀၀၇ ခုနှစ်မှ စပြီးတော့ လုပ်ကိုင်ခွင့်များ ချထားပေးခဲ့ပြီး ဖြစ်ပါတယ်။

ယခုအခါမှာ အချို့အဖွဲ့အစည်းများဟာ အတိုင်းအတာတစ်ခုအထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေတာ လေ့လာတွေ့ရှိရပါတယ်။ သွားလာမှု လွယ်ကူပြီးတော့ ရေမြေတောတောင် သဘာဝအခြေအနေကောင်းများ ပိုမိုပေးနိုင်တဲ့ ပဲခူးတိုင်းဒေသကြီးမှာ ပုဂ္ဂလိက လုပ်ကိုင်ခွင့်များ အများဆုံးပါဝင်နေတာ တွေ့ရှိရပါတယ်။ သိရှိရသလောက် တင်ပြရလို့ရှိရင် ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်းမှာ စိုက်ဧရိယာ(၅၀၀)ဧကမှ (၁၀၀၀၀)ဧကအတွင်းမှာ ခွင့်ပြုချက်ရရှိသူ(၅၀)ဦးနှင့် (၁)ဧကမှ (၅၀၀)အတွင်းမှာ (၂၈၀)ဦးရှိကြောင်း လေ့လာသိရှိရပါတယ်။ ဒါကြောင့် ဇယား(၆)၊ Slide-7 နဲ့ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများမှာ ၂၀၁၃-၂၀၁၄ ခုနှစ် ဒုတိယသုံးလပတ်ကုန်အထိ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှု အခြေအနေကိုလည်း သိရှိရသမျှ တင်ပြလိုပါတယ်။

ကျွန်တော်တို့ ကျွန်းဟာဆိုလို့ရှိရင် စိုက်ပျိုးသူဦးရေ (၅၅)ဦးရှိပါတယ်။ ခွင့်ပြုထားတာ (၉၀၀၀၀)ဧကခန့်ရှိပြီးတော့ ဒီနေ့အထိ စိုက်ပျိုးနိုင်တာက (၄၉.၄)ရာခိုင်နှုန်းပဲ ရှိပါတယ်။ သစ်မာဟာဆိုရင် (၂၄၅)ဦး၊ ခွင့်ပြုတဲ့ ဧကဟာ(၃၆၁၃၅)၊ ဒီနေ့အထိ (၂၇.၄)ရာခိုင်နှုန်းပဲ စိုက်ပြီးပါတယ်။ ရာဘာဟာဆိုရင် (၂၉)ဦး ရှိတယ်။ ခွင့်ပြုတာဟာ(၂၆၉၈၅)ဧက ခွင့်ပြုပြီးတော့ (၁၄.၅)ရာခိုင်နှုန်းပဲ စိုက်ပြီးပါတယ်။ စုစုပေါင်း တင်ပြရရင် လုပ်ကိုင်ခွင့်ရရှိသူဟာ၊ အဖွဲ့အစည်းဟာ (၃၂၉)ဦးရှိပြီးတော့ စုစုပေါင်းဧက(၁၅၃၀၇၄)မှာ ဒီနေ့အထိ ကျွန်တော်တို့ (၃၈)ရာခိုင်နှုန်းပဲ စိုက်ပြီးတာကို တွေ့ရှိရပါတယ်။ ကျွန်တော် တင်ပြရလို့ရှိရင်၊ ရိုးသားစွာနဲ့ တင်ပြရလို့ရှိရင် ၂၀၀၇-၂၀၀၈ ခုနှစ်က စတင်ခဲ့တာဟာဆိုရင် တကယ်တမ်းဆိုရင် ၂၀၁၂-၂၀၁၃ ခုနှစ်ကုန်မှာဆိုရင် (၁၀၀)ရာခိုင်နှုန်း ပြီးစီးရပါမယ်။ ဒါကြောင့်မို့လို့ ကျန်ရှိတဲ့ ရာခိုင်နှုန်းဟာ လက်တွေ့ကျစွာနဲ့ ပြီးနိုင်ဖို့ အင်မတန် ခဲယဉ်းပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ခြုံငုံသုံးသပ်ခြင်းများဖြစ်ကြတဲ့ မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ ခုဟာ အလေးအနက် အနှစ်သာရပြည့်ဝသော်လည်း လက်တွေ့ အကောင်အထည်ဖော်လာရာမှာ နှေးကွေးအားနည်းလျက်ရှိခြင်း၊ (၂) ၁၉၂၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ (၇၅)နှစ်တာကာလအတွင်း သစ်တောဖုံးလွှမ်းမှုရဲ့ (၁၄)ရာခိုင်နှုန်း၊ ၁၉၂၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ (၈၅)နှစ်ကာလအတွင်း သစ်တောဖုံးလွှမ်းမှုဟာ (၁၉)ရာခိုင်နှုန်း ဆုံးရှုံးသွားခြင်းတို့ကြောင့် နှစ်စဉ်ဆုံးရှုံးမှု ရာခိုင်နှုန်းများပြားလာတာကို ရပ်တန့်သွားစေရန် လုပ်ဆောင်မှု လိုအပ်ခြင်း။ (၃) ကြိုးဝိုင်းတောများနဲ့ ကြိုးပြင်ကာကွယ်တောများ အတွင်းရှိ အခြားမြေအသုံးချမှုများနဲ့ နှိုင်းယှဉ်လျှင် ကျူးကျော်လယ်ယာမြေ ဧရိယာမှာ (၁.၆၈၂)သန်းခန့်ဧကရှိလို့ အများဆုံး ဖြစ်ပေါ်နေတာ တွေ့ရှိရပါတယ်။ ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတို့ဟာ လုပ်ကိုင်သင့်သည်များကို အစွမ်းကုန် လုပ်ကိုင်ဖို့ နည်းလမ်းကို အားနည်းလွန်းတဲ့ အခြေအနေ ရှိတဲ့အသွင်ဆောင်နေတယ်လို့ သုံးသပ်ခြင်း။ (၄) အမြဲတမ်း သစ်တောနယ်မြေများ (Permanent Forest Estate-PFE) ဧရိယာစုစုပေါင်း (၇၉၀၀၀) စတုရန်းမိုင်၊ ဒါမှမဟုတ် တစ်နည်းအားဖြင့် မြန်မာနိုင်ငံအကျယ်အဝန်းရဲ့ (၃၀)ရာခိုင်နှုန်းခန့်သာရှိလို့ နိုင်ငံရဲ့သစ်တောကဏ္ဍ၊ စီးပွားရေးဖွံ့ဖြိုး။ နိဂုံးချုပ်ပါမယ်ခင်ဗျား။

အရေးပါတဲ့ ကြိုးဝိုင်းတောများ (Reserved Forests)၊ ကြိုးပြင်ကာကွယ်တောများ (Protected Public Forests) ဧရိယာစုစုပေါင်း (၆၄၀၀၀)စတုရန်းမိုင် (၂၅)ရာခိုင်နှုန်းခန့် ရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ နိုင်ငံစီးပွားဖွံ့ဖြိုးမှုအတွက် ရေရှည်မှီခိုအားထားရနိုင်စွမ်း အလွန်နည်းပါးခြင်းတို့ကြောင့် သစ်တောများကို အနားပေးပြီးတော့ ပြုစုထိန်းသိမ်းသွားရန် လိုအပ်ခြင်း။ (၅) ပုဂ္ဂလိကအခန်းကဏ္ဍမှာ လုပ်ကိုင်ခွင့်ပေးထားသော်လည်း သဘောတူညီချက် စာချုပ်ကာလ(၅)နှစ် စေ့ရောက်ချိန်မှာ ရာခိုင်နှုန်း(၁၀၀)စိုက်ပျိုးပေးရမှာ ဖြစ်သော်လည်းပဲ နှစ်ရှည်စီမံကိန်းလုပ်ငန်းများ ဖြစ်ခြင်းကြောင့် လူတို့ရဲ့သဘာဝအရ နေရာဦး၊ လက်ဦးမှု ရယူမှု အသွင်သဏ္ဌာန်မျိုး မဖြစ်စေဘဲ စာချုပ်၊ စာတမ်း၊ စည်းကမ်းချက်များပါအတိုင်း လက်ရှိနဲ့ အနာဂတ် နိုင်ငံတော်နှင့် မျိုးဆက်သစ်များအတွက် စိတ်စေတနာ ရိုးမှန်စွာဖြင့် လုပ်ဆောင်ခြင်းမျိုးနဲ့ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တာဝန်ပျက်ကွက်မှုများအတွက် ထိရောက်သော အရေးယူမှုများ ပြုလုပ်လျက် စိတ်ဝင်တစား လုပ်ကိုင်လိုခြင်းမရှိမှုအပေါ် အချိန်များ ဆုံးရှုံးမှု မခံစေဘဲ ယခင်ကကဲ့သို့ပင် သစ်တောဥပဒေများအတိုင်း ကြပ်ကြပ်မတ်မတ် ကိုင်တွယ်ကျင့်သုံးပြီး ဝန်ကြီးဌာန၊ ဦးစီးဌာနများအစီအစဉ်နဲ့ အရေးယူဆောင်ရွက်သွားရန် လိုအပ်ပြီဖြစ်ခြင်း။ (၆) ခွင့်ပြုချထားပေးခဲ့တဲ့ သစ်တောနယ်မြေအချို့ဟာ အပြောင်းရှင်း၍ စိုက်ခင်းများထူထောင်ရန် မသင့်တဲ့ တောအမျိုးအစား၊ မြေအမျိုးအစားဖြစ်နေပါက မူလတောအတိုင်း ဆက်လက်ထိန်းသိမ်းသွားရေး စဉ်းစားသင့်ခြင်း။ (၇)သစ်တောကဏ္ဍမှာ ပုဂ္ဂလိကပါဝင်လုပ်ကိုင်ခွင့် မြေဧရိယာ (၁၀၀၀)ဧကအထိသာ ခွင့်ပြုချထားပေးသင့်ပြီးတော့ (၁၀၀၀)ဧကမှ (၁၀၀၀၀)ဧကအထိ ခွင့်ပြုချထားခြင်းကို လက်တွေ့မည်သို့မျှမဖြစ်နိုင်ဟု ယူဆတဲ့အတွက် နိုင်ငံတော်အတွက် ဆုံးရှုံးနစ်နာမှုမရှိစေရေး၊ (Reassessment) ပြန်လည်သုံးသပ်ခြင်း ပြုလုပ်ရန်လိုအပ်ခြင်း။ (၈) သစ်တောထွက်ပစ္စည်း စီးပွားရေးလုပ်ငန်းအခန်းကဏ္ဍမှာ တက်ကြွစွာပါဝင်ပြီးတော့ အကျိုးစီးပွားဖြစ်ထွန်း အောင်မြင်လျက်ရှိကြတဲ့ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများ၊ ယနေ့ ပြည့်ဖြိုးခွန်အား ပြန်လည်ရရှိစေဖို့အတွက် သစ်တောကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှာ သစ်တောထွက်ပစ္စည်း ထုတ်လုပ်သယ်ပို့ခြင်းကြောင့် ထိခိုက်ပျက်စီးခဲ့ရတဲ့ ပတ်ဝန်းကျင်၊ လမ်း၊ တံတားစတဲ့ အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်နိုင်ရေး အခန်းကဏ္ဍမှာ ဝန်ဆောင်မှုများ ထည့်သွင်းပါဝင်ခြင်း၊ (Contribution) ပူးပေါင်းပါဝင်လုပ်ဆောင်မှုပမာဏ အတိုင်းအတာ (Magnitude of Cooperation) စသည်တို့ကို တာဝန်ရှိ ဝန်ကြီးဌာနမှ ပွင့်လင်းမြင်သာစွာ သုံးသပ်ချပြ၍ ထိရောက်စွာဆောင်ရွက်ခြင်း။ (၉) သစ်တောကဏ္ဍမှာ နိုင်ငံခြားဝင်ငွေရရှိရေး ဦးတည်ချက်ဖြင့် သစ်အလုံးလိုက် ထုတ်လုပ်ရောင်းချ တင်ပို့ခြင်းကို လက်ရှိစာချုပ်ပါ ကတိကဝတ်များအရ ဆောင်ရွက်ပြီးနောက် ၂၀၁၄ ခုနှစ်၊ မတ်လကုန်၊ ဧပြီ ပထမပတ်အတွင်း ရပ်ဆိုင်းတော့မည် ဟု ထုတ်ပြန်ထားပါတယ်။

သို့သော် လက်တွေ့ကျကျ စီမံဆောင်ရွက်ဖို့နဲ့ သစ်တောထွက်ပစ္စည်းများ သစ်လုံးလက်ကျန် မှန်ကန်မှု ရှိ/မရှိ ထပ်မံတိုးချဲ့ထုတ်လုပ်ခြင်းဖြင့် ရောထွေးလုပ်ဆောင်လာနိုင်မှုများကို တိတိကျကျ ကာကွယ်သင့်ခြင်း စတဲ့ ဖော်ပြအချက်အလက်များနဲ့အတူ သစ်တောဂေဟစနစ်မျိုးစုံ (Forest Ecosystem)နဲ့ ဇီဝမျိုးစုံကွဲ (Biodiversity) ကြွယ်ဝတဲ့ မြန်မာနိုင်ငံရဲ့ အမြဲတမ်းသစ်တောနယ်မြေများ (Permanent Forest Estate-PFE) ထာဝစဉ် ဖွံ့ဖြိုးရှင်သန်နေစေရေး မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပဓာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့် အဆိုကို

ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးလေးနက်နက် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူ ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၆။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် ရဲ့ အဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ကျွန်တော် ဦးမှတ်ကြီး က လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ သစ်တောဂေဟစနစ်မျိုးစုံ (Forest Ecosystem) နှင့် ဇီဝမျိုးစုံ မျိုးကွဲ (Biodiversity) ကြွယ်ဝသည့် မြန်မာနိုင်ငံ၏ အမြဲတမ်း သစ်တောနယ်မြေများ (Permanent Forest Estate - PFE) ထာဝစဉ်ဖွံ့ဖြိုး ရှင်သန်နေစေရေး မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပမာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးမျိုးမြင့် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် အဋ္ဌမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် နဝမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၁း၀၈ နာရီ အချိန်တွင် ရပ်နားပါသည်။]